
mgyoe.com



# ပိုင်သစ်နွယ်


## ဖေတ်ကျန်ပန်းအိုး ဏက်ကျန်အသက်

မိုးဝေးစီစဉ်သည်။

mgyoe.com

9 789997 118080

mgyoe.com



ISBN9789997118080
POEM64
9 789997 118080
2,000.00KS

mgyoe.com

ခေတ်ကျွန်းပန်းအိုး လက်ကျန်အသက်၊ ပိုင်သစ်နွယ်
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၉၉ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မော၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ခေတ်ကျန်ပန်းအိုး လက်ကျန်အသက်

## ပိုင်သစ်နွယ်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

# မာတိကာ


၁။ အမေ . . . . . . . . . . . ၁

၂။ ယနေ့အပူချိန် တိုင်းတာချက် . . . . . . . . . . . ၃

၃။ သိမ်မွေ့တဲ့မျောက် . . . . . . . . . . . ၄

၄။ အဲဒီပင်အပ်ကို ငါ ဆွဲဖြုတ်ပစ်လိုက်တယ် . . . . . . . . . . . ၆

၅။ တောင်တက်သမား . . . . . . . . . . . ၇

၆။ ဘီယာ . . . . . . . . . . . ၁၀

၇။ ဘူဆန်သို့သွားခြင်း . . . . . . . . . . . ၁၃

၈။ ဘဝဟာ အချိန်ကာလတစ်ခုဖြစ်တယ်... . . . . . . . . . . . ၁၅

၉။ နက်ကတိုင် . . . . . . . . . . . ၁၆

၁၀။ ထောင်တန်တဲ့ လျှာ . . . . . . . . . . . ၁၇

၁၁။ တိုင်းပြည်တစ်ခုရဲ့ မိန်းမ . . . . . . . . . . . ၂၀

၁၂။ ဝေဖာနဲ့ ဆောက်လုပ်ထားတဲ့စိတ်ကူး . . . . . . . . . . . ၂၁

၁၃။ ရေရဲ့အရင်းအမြစ် . . . . . . . . . . . ၂၃

၁၄။ စပျစ်သီးရဲ့ အခွင့်အရေး . . . . . . . . . . . ၂၆

၁၅။ ဖုတ်ဝင်ခြင်း . . . . . . . . . . . ၂၇


mgyoe.com

mgyoe.com


၁၆။ စကားလုံးတွေနဲ့ ကိတ်မုန့်ဖုတ်ခြင်း . . . . . . . . . . . ၂၉

၁၇။ ရေခဲမုန့် . . . . . . . . . . . ၃၁

၁၈။ ခင်ဗျားတစ်ယောက်တည်း ခံစားနေရတဲ့ကိစ္စကို
ဘယ်သူ့ကိုမှ မဖွင့်ဟပါနဲ့… . . . . . . . . . . . ၃၃

၁၉။ ဆိုရှယ်လစ်ခေတ်လွန် ကဗျာပုံစံ . . . . . . . . . . . ၃၅

၂၀။ ဒိုင်ယာရီစာအုပ်အဟောင်းထဲက… ပိုးဟပ်တစ်ကောင် . . . . . . . ၃၇

၂၁။ သူမက ခဏခဏ ချောင်းဆိုးတယ် . . . . . . . . . . . ၄၀

၂၂။ ဆည်းဆာ . . . . . . . . . . . ၄၂

၂၃။ နှီးစက် . . . . . . . . . . . ၄၃

၂၄။ ချဲ့ထွင်ခြင်း . . . . . . . . . . . ၄၄

၂၅။ ဓာတ်ပုံ . . . . . . . . . . . ၄၅

၂၆။ လိပ်ပြာခွဲတမ်း . . . . . . . . . . . ၄၆

၂၇။ ရှုဘီ . . . . . . . . . . . ၄၈

၂၈။ နားရွက်တွေကို ချစ်မိခြင်း . . . . . . . . . . . ၅၀

၂၉။ မျိုးဆက်ပြန့်ပွားရေး သတင်း . . . . . . . . . . . ၅၂

၃၀။ ကြယ်တွေရဲ့ အတ္တ . . . . . . . . . . . ၅၃

၃၁။ ယူကလစ် . . . . . . . . . . . ၅၄

၃၂။ လရဲ့အူသံ . . . . . . . . . . . ၅၅

၃၃။ ကြောက်စိတ်ရဲ့ ကြောင်တစ်ကောင် . . . . . . . . . . . ၅၆

၃၄။ ကဗျာ့ကျန်းမာရေး . . . . . . . . . . . ၅၈

၃၅။ ဒလိထ် . . . . . . . . . . . ၆၀

၃၆။ မှတ်ဉာဏ်ထဲ . . . . . . . . . . . ၆၂

၃၇။ စိတ်ထဲမှာ သဘောဉသြသံတွေ စီးနေ . . . . . . . . . . . ၆၅

၃၈။ ဘုရားသခင်ရှိကြောင်း သက်သေပြချက် . . . . . . . . . . . ၆၈

၃၉။ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းသူ လုပ်သားလေးသို့ . . . . . . . ၇၀

၄၀။ ပိုး . . . . . . . . . . . ၇၂


mgyoe.com

mgyoe.com

၄၁။ အလောင်းတော်ကဿပ . . . . . . . . . . . ၇၄
၄၂။ မျက်ရည်နဲ့ဖျော်ထားတဲ့ ဥက္ကာခဲ . . . . . . . . . . . ၇၅
၄၃။ ဦးနှောက်တစ်ခြမ်း သေဆုံးနေသူရဲ့ ဆင်ခြေ . . . . . . . . . . . ၇၇
၄၄။ အော်သံတွေရဲ့ တိတ်ဆိတ်မှု . . . . . . . . . . . ၇၈
၄၅။ ငါ တွေးသည် . . . . . . . . . . . ၈၀
၄၆။ ကံကောင်းတဲ့ ကတ္တား . . . . . . . . . . . ၈၂
၄၇။ ရင်သားပိတ်ဆို့ရေးလုပ်ငန်း . . . . . . . . . . . ၈၄
၄၈။ ဂျစ်ပစီလရောင် . . . . . . . . . . . ၈၆
၄၉။ မှော် . . . . . . . . . . . ၉၀
၅၀။ ကျွန်တော့်ရဲ့ ဆောင်းများ . . . . . . . . . . . ၉၁
၅၁။ နံ့ကောင် . . . . . . . . . . . ၉၃
၅၂။ အသည်းကွဲနေတဲ့ ဆင် . . . . . . . . . . . ၉၇
၅၃။ ခေတ်ကျန်ပန်းအိုး လက်ကျန်အသက် . . . . . . . . . . . ၉၈
၅၄။ စက်ချုပ်သမ/မိန်းကလေး . . . . . . . . . . . ၉၉

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

**အမေ**

ဖြတ်တိုက်သွားတဲ့ လေယူလေသိမ်းတောင်
ချိုးကွေ့ပြီး ပြန်ရောက်လာတယ်။
ရောက်ရာအရပ်က နားစွင့်တယ်
သားတွေရှိရာ အပျော်တွေရောက်လာတယ်
အမေရှိရာ အမောတွေ ရောက်လာတယ်
မမူဘူး မဖြုံဘူး မတုန်လှုပ်ဘူး။
အမေဟာ ရှေ့တန်းမှာ လဲလဲကွဲကွဲ အရောင်ခပ်မွဲမွဲ
ငါတို့က အိမ်နောက်ဖေးမှာ ဝမ်းနဲ့လေနဲ့ မသဲကွဲ
အမေက 'ငါမသေဘူး ရေကူးတတ်တယ်...' တဲ့။
ဘဝရဲ့ ဥဩခွံအဟောင်းထဲမှာတောင် နုပျိုလို့
အမေ့အပြုံးဟာ ဆေးဖက်ဝင်ကြောင်း အသိဟာ
အိပ်ရာထ နောက်ကျတယ်။
အမြဲနောက်ကျတတ်တဲ့ ဘဝသံသရာရထားကြီးတောင်
အချိန်မှန်မှန်နဲ့ စောစီးစွာ
အမေ့အိမ်ရှေ့ ထိုးဆိုက်လာ။
ငါတို့မှာ တားဆီးခွင့် မရှိ
ငိုကြွေးခွင့် တမ်းတခွင့် အောက်မေ့ခွင့်သာ

mgyoe.com

mgyoe.com


မျက်ရည်အဖြစ် ကျင်းပ။
ငါတို့ကိုယ်ငါတို့လည်း
သစ်သားအဆွေးလို ဆွေးဆွေးမြည့်မြည့်
အချိန်မရွေး ကျိုးကျလို့ တရေးရေးလိုက်ပါနေတဲ့
အရိပ်အရောင်ဟာ ရေးလို့လည်း မဆုံး။
ဖက်လို့လည်း မကုန်။ ဖွဲ့လို့လည်း မမီ။
ငေးလည်း ငေးရော့ရှိမယ် တွေးလည်း တွေးရော့ရှိမယ်။
အလွမ်းဟာ ဆေးမြီးတိုနဲ့လည်း မပြီး။
ရင်ဘတ်ဟောင်းလောင်းနဲ့အလောင်းလို
မေတ္တာတရားဟာ ဆိုင်းဘုတ်ထောင်တိုင်း
ရောက်လာတဲ့ ဘတ်စ်ကားမှ မဟုတ်တာ။
လူ့သွေးဖြူဥနဲ့ စီးကျလာတဲ့ ရေတံခွန်။

mgyoe.com

mgyoe.com



## ယနေ့အပူချိန် တိုင်းတာချက်

ကလေးငယ်များ
ဆော့ကစားရင်း လှမ်းပစ်ပေါက်လိုက်တဲ့
ပြောင်းဖူးစေ့တွေဟာ လေထဲမှာပင်
ပေါက်ပေါက်ပွင့်ပန်းတွေ ဖြစ်သွားကြ။

မဟောသီမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၁၈။

mgyoe.com

mgyoe.com

# သိမ်မွေ့တဲ့မျောက်

သိမ်မွေ့တဲ့ မျောက်တစ်ကောင်ကို City Mart တစ်ခုရဲ့ရှေ့မှာ တွေ့လိုက်တယ်။ သူနှင့်အတူ သက္ကလတ်ဦးထုပ် ငိုက်ငိုက် ဆောင်းထားတဲ့ လူထီးတစ်ယောက်ပါ ပါတယ်။

တကယ်တော့ မျောက်ဆိုတဲ့မျိုးက ဂနာမငြိမ်တက်တဲ့ သတ္တဝါပါ။ တစ်စက္ကန့်လေးမှ ငြိမ်ငြိမ်မနေတတ်တဲ့ကောင်။ တောင်ဘက်ကို သွားတော့မလိုလို၊ မြောက်ဘက်ကို ခြေလှမ်းရတော့မလိုလို၊ ဝေခွဲရခက်တဲ့လူလို။ တစ်ခုမဟုတ်တစ်ခု လှုပ်ရှားနေတာ။ သိမ်မွေ့တဲ့ကိစ္စဆိုတာ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းက မြှင့်တင်လိုက်တဲ့ နူးညံ့တဲ့အမူအရာ။ မျောက်ဆိုတဲ့သတ္တဝါကို အမူအရာနဲ့ ဟန်ပန်ကို သင်ကြားပေးရင် တတ်မြောက်နိုင်ပေမဲ့ အသိဉာဏ်ယှဉ်ပြီးသုံးရတဲ့ သိမ်မွေ့တဲ့ကိစ္စကို မျောက်တွေ ဘယ်လိုလုပ် နားလည်နိုင်ပါ့မလဲ။ ဟိုသီချင်းလို ခါးလေးလှုပ်လှုပ်၊ ခေါင်းလေးလှုပ်လှုပ်ပဲ သိနိုင်ပါမယ်။ ဒါပေမဲ့ ဒီမျောက်ဟာ သိမ်မွေ့ပါတယ်။ လူရဲ့အသိဉာဏ်လို နားလည်နိုင်စွမ်းရှိတယ်။ ယဉ်ကျေးတဲ့ သိမ်မွေ့မှုပါရှိတယ်။ လူတွေကတော့ သူ့သိမ်မွေ့မှုကို အံ့သြငေးမောကုန်ကြပြီး သိမ်မွေ့တဲ့ မျောက်ရဲ့ဘေးက ပက်လက်လန်ထားတဲ့ သက္ကလတ်ဦးထုပ်ထဲကို ငွေစကြေးစ

mgyoe.com

mgyoe.com



အနည်းအကျဉ်းကို ထည့်သွားကြတယ်။ လူတွေများများလာရင် ငွေများများရမယ်ဆိုတာကတော့ သိမ်မွေ့တဲ့မျောက်က ဘယ်သိလိမ့်မလဲ။ လူတွေရဲ့စုဝေးငေးမောမှုဟာ အန္တရာယ်ပြုမယ့် အရိပ်အရောင်လို့ သိမ်မွေ့တဲ့ မျောက်ဟာ ထင်နေပုံရတယ်။ လူစုလူဝေးနဲ့ဝေးရာ နောက်ဆုတ်ရင်း နောက်ဆုတ်ရင်း ရုတ်တရက် သူ့ခါးကြားက သံကြိုးကို ဆောင့်ဆွဲလိုက်တာ ခံလိုက်ရပြီး "သားကြီးပေတိုးရေ... ရှေ့ကျွမ်း..." လို့ ကြားတော့ သူ့အလိုဆန္ဒမပါဘဲ ရှေ့ကျွမ်းကို ထိုးလိုက်ရ... နောက်ထပ် အသံကြားလိုက်ရသေးတယ်။ သားကြီးပေတိုးရေ နောက်ကျွမ်းတဲ့။ လူတွေကတော့ သူလုပ်ပုံကိုင်ပုံ သိမ်မွေ့ပုံ လိမ္မာပုံကိုကြည့်ပြီး ချီးကျူးကြတယ်။ ငွေအကြွေစတွေ ထပ်ချီးမြှင့်ကြတယ်။ အမှန်တော့ သူဟာ သူ့မျိုးရိုးဗီဇအရ သိမ်မွေ့တဲ့မျောက်တစ်ကောင် မဟုတ်ပါဘူး။ လူတွေ အရက်ဆိုင် တစ်ဆိုင်ကနေတစ်ဆိုင် လိုက်ပြောင်းသောက်သလို သစ်ကိုင်းတစ်ခုကနေ တစ်ခုသို့ ကူးလူး မြူးထူးပျော်ပါးပြီး ဂနာမငြိမ်ချင်တဲ့ မျောက်တစ်ကောင်ပါ။ သူ့ခါးမှာ ချည်နှောင်ထားတဲ့သံကြိုးကို ဆောင့်ဆွဲလိုက်တဲ့ ဒဏ်ကို မခံစားနိုင်လို့ သိမ်မွေ့ရတဲ့မျောက်တစ်ကောင် ဖြစ်လာတာပါ။ သူသိမ်မွေ့နေရင် ငှက်ပျောသီးတွေ အများကြီးစားရတယ်။ ရေဝဝသောက်ရတယ်ဆိုတဲ့ ဗီဇသတ္တိရဲ့နားလည်ထားမှုအရ သိမ်မွေ့တဲ့ မျောက်တစ်ကောင် ဖြစ်လာရတဲ့ အခြေခံအကြောင်းအရာပါပဲ။ ယဉ်ကျေးမှုမြင့်တင့်ရေးဆိုတဲ့ လူ့အဖွဲ့အစည်းထဲက တစ်ယောက်က ဒီလိုတွေးတယ်. သိမ်မွေ့တဲ့မျောက်တစ်ကောင်ဟာ သူ့သခင်အတွက် တစ်နေ့ ရွှေဥတစ်လုံး တစ်လုံး ဥပေးနေပြီး သူ့သခင်က သူ့အတွက် ဂနာမငြိမ် ရှုပ်ထွေးလှသော လူ့လောကအကြောင်းထဲက သိမ်မွေ့မှုကိစ္စကို သင်ကြားပေးနေတယ်လို့။

mgyoe.com

mgyoe.com

## အဲဒီပင်အပ်ကို ငါ ဆွဲဖြုတ်ပစ်လိုက်တယ်

အဲဒီပင်အပ်ကို ငါ ဆွဲဖြုတ်ပစ်လိုက်တယ်
ခန္ဓာကိုယ်နဲ့တူတဲ့ အင်္ကျီတစ်ထည်ထဲကနေ
ထွက်ခွာသွားမယ်လို့ ကြေညာခဲ့ပြီးတဲ့နောက်...

အဲဒီပင်အပ်ကို ငါ ဆွဲဖြုတ်ပစ်လိုက်တယ်
နှလုံးသားမှာ လိမ္မော်သီးအဖြစ်
အချိန်အကြာကြီး အရည်ရွှမ်းခဲ့တဲ့
အဲဒီပင်အပ်ကို...။

၂၀၁၆။

mgyoe.com

mgyoe.com



## တောင်တက်သမား

ငါတို့ဟာ တောင်ထိပ်ရောက်အောင် တက်ခဲ့ကြတယ်
တောင်ထိပ်မှာ "ဘာ" ရှိမယ်လို့
မျှော်မှန်းမထားဘဲ တက်ခဲ့ကြတယ်။
တောင်ထိပ်ရောက်ရင်
အရပ်ရှစ်မျက်နှာကို ငေးမယ်
လူသားဆန်စရာရှိရင် လူသားဆန်မယ်
လိင်ဆက်ဆံစရာရှိရင် လိင်ဆက်ဆံမယ်
ဘာတွေညာတွေ ကြီးကြီးကျယ်ကျယ်
တွေးခေါ်စရာမရှိ။ တောင်ထိပ်ရောက်ရင်
တောင်ထိပ်ရောက်ကြောင်း "အလံ" စိုက်မယ်
အလံဟာ
ငါတို့ခြေလှမ်းတွေရဲ့ အထိမ်းအမှတ်ပဲ
အလံဟာ
ငါတို့ချွေးစက်တွေရဲ့ ကျောက်တုံးပဲ
တောင်ထိပ်ကနေ မြင်ရတဲ့
အစက်အပျောက်လေးတွေကို
အဝေးကြည့်မှန်ပြောင်းလို ချဲ့ကားကြည့်ရင်
ဘဝရဲ့ ရေမော်လီကျူးလေးတွေ စုပေါင်းထားသော

mgyoe.com

mgyoe.com

မျှော်လင့်ချက်ဆိုတဲ့ မြစ်ကြီးတစ်စင်း
စီးဆင်းနေကြောင်း တွေ့ရမယ်
ခန္ဓာကိုယ်ပေါ်မှာ ရှာမတွေ့တဲ့တရားလို
တောင်ထိပ်မှာ
သင်ယူစရာ ဟင်းလင်းပြင်တွေရှိတယ်
ရေတံခွန်လို လှပတဲ့ သေပွဲဝင်ရာရှုခင်းတွေလည်း ရှိတယ်
တောင်ထိပ်မှာ
လူဘောင်လို ခမ်းခမ်းနားနား ဘာမှမရှိပေမဲ့
"လေ" ဟာ ကုန်းမြေက အောက်ဆီဂျင်ဘူးထက်
နှာတစ်ဖျားသာအောင် ကုံလုံကြွယ်ဝလွန်းတယ်။
အသက်ဝအောင် ရှူရတယ်
စိတ်ကို လွတ်လပ်စေတယ် ပေါ့ပါးစေတယ်
ဦးခေါင်းဟာ မိုးတိမ်နဲ့ ငြိနေသယောင်
ခံစားမိတယ်

mgyoe.com

mgyoe.com



ငါတို့ဟာ တစ်နေ့တစ်ကြိမ်
တောင်ထိပ်ကို တက်ကြည့်သင့်တယ်
ဝမ်းနည်းစရာတွေကို ပြည်ပုပ်လို ဖောက်ထုတ်ချင်တဲ့အခါ
လိုအင်ဆန္ဒတွေကို
ဖီးကြမ်းငှက်ပျောသီးလို ဝဖီးချင်တဲ့အခါ
တောင်ထိပ်ပေါ် တက်ကြည့်ပါ
ရင်တွင်းအောင်းနေတဲ့တစ္ဆေသံတွေကို
အော်ဟစ်မောင်းထုတ်ချင်လို့ပဲဖြစ်ဖြစ်
ကိုယ့်ယုံကြည်မှုကို အရှင်လတ်လတ် မြင်တွေ့ချင်လို့ပဲဖြစ်ဖြစ်
တောင်ထိပ်ပေါ် တက်ကြည့်ပါ

နောက်ဆုံး တောင်အောက်ကို ပြန်ဆင်းလာဖို့ပဲဖြစ်ဖြစ်...။

mgyoe.com

mgyoe.com


## ဘီယာ

မကောင်းမှန်းသိတဲ့အရာက ပိုပိုကောင်းလာသလိုပါပဲ
ဘီယာဟာ လူကြိုက်များတယ်
ပြီးတော့ ကျွန်တော်လည်း ကြိုက်တယ်
အပေါင်းအသင်းတွေလို
လက်ထဲ ငွေယားကလေးများ ရှင်လာရင်
ဘီယာဟာ လူ့အကြိုက် နတ်လိုက်သလိုပါပဲ
ခေါင်းစဉ်တွေကတော့
အများကြီးပေါ့
ရေခဲမုန့်လို ပျော်ချင်လို့
မျှော်လင့်ချက်များ နံ့ရုံဆေးသားလို ကွာကျပြီး
ပျော်ရွှင်စရာများ ဝါးငြမ်းလို ဖျက်ဆီးခံရလို့
လူစားလဲခံရလို့ ကွင်းထဲက
စိတ်ပျက်လက်ပျက်ထွက်လာတဲ့ ဘောသမားလို
မကျေနပ်မှုများကို တိပ်ခွေလို နောက်ပြန်ရစ်ချင်လို့
အလုပ်ကြွေးတွေ ဘဏ်အတိုးနှုန်းလို များပြားလာလို့
ချစ်သူဆီက အနမ်းတွေ ဘောနပ်ကြေးလို မရလို့
အဲ့ကောင်ကို ရန်ရှာချင်လို့

mgyoe.com

mgyoe.com



ဟိုကောင်ကို ကုန်းဆင်းချင်လို့
တစ်နေရာရာမှာ တစ်ဆိုင်ဆိုင်မှာတော့
ခေါင်းစဉ်တွေကတော့ အသင့်ရှိနေတာပဲ
အဲဒီခေါင်းစဉ်အောက်မှာ အကြာကြီး
ထိုင်သောက်နေရင်း ငြီးငွေ့လာရင်
နောက်တစ်ဆိုင် ပြောင်းသောက်မယ်
နောက်တစ်ဆိုင်မှာ နောက်ခေါင်းစဉ်ခွဲတွေနဲ့။
သီချင်းသံ နည်းနည်းကျယ်လာမယ်
ဖန်ခွက်ချင်းထိခတ်သံတွေ ရှုပ်ထွေးလာမယ်
လရောင်ဖြာဆင်းလာတဲ့ အသံကိုတောင်
ကြားလာနေရပြီ...

'ရှင် မူးနေပြီ... လိုက်ပို့ပေးရမလား'

သဘာဝတရားဟာ
သဘာဝကျစွာ လှုပနေသရွေ့
ကိုယ် မမူးသေးဘူး

'ရှင် မူးနေပြီ'

သရဲတစ္ဆေတစ်ကောင်လို ဖြစ်နေပြီ
သစ်ရွက်ခြောက်တွေ တခြောက်ခြောက်
ကျဆင်းလာပုံဟာလည်း နာနာဘာဝတွေရဲ့ ရှေ့ပြေးနမိတ်ပုံပါပဲ

'ဖာ့ခ် ပဲ'

mgyoe.com

mgyoe.com


စကားလုံးတွေကလည်း ဖန်ခွက်ကွဲလို ထိရှလို့
ခန္ဓာကိုယ်ကလည်း လိင်မှုကိစ္စလို မယဉ်ကျေးတော့ဘူး
'ဟင် ရှင်... ရှင်'
လူနဲ့နတ်ဟာ မှားယွင်းခွင့်မရှိဘူးလို့
ဘုရားသခင် တားမြစ်ခဲ့သလား
ဘီယာဟာ မျှားရင်
ဆီးရွှင်သလို
လူကိုလည်း ရွှင်မြူးစေတာပဲ
ဒါကို ဒင်းတို့က
မူးတယ်လို့ မလိုတမာပြောကြ...။

မျက်မှောင်ကြုတ်ဖို့
ကြွက်သားအကြော ၁၆ ခု လှုပ်ရှားပေးရပြီး
မျက်နှာလေးတစ်ချက် ပြုံးပြဖို့
နှုတ်ခမ်းတစ်ခုပဲ ကွေးညွှတ်ပေးရသလိုမျိုး
ဘီယာ ၁၆ ခွက် အရောက်မှာ
မိန်းမတစ်ယောက်ရဲ့ စိုးရိမ်မှုတစ်ဝက်ကို
ဖုန်းခေါ်သံထဲမှ မြင်ခွင့်ရခဲ့ပါတယ်

လောလောလတ်လတ် အနမ်းတစ်ခုရဖို့ကတော့
ချက်လက်မှတ်စာရွက်ထဲ
ကိန်းဂဏန်းကြီးကြီးတစ်ခု ရေးပေးလိုက်ရသလိုမျိုးပေ့ါ

ဘီယာဟာ...
အချစ်ကိုလည်း ပန်းခြံထဲ ပျော်ရွှင်စေတဲ့ပန်းပွင့်ဖြစ်ပြီး
အိမ်အထိ ဗိုက်ကြောလိမ်ပြီး
ဆွဲခေါ်ခံရတဲ့ စိုးရိမ်စိတ်လည်းဖြစ်တယ်

mgyoe.com

mgyoe.com



## ဘူဆန်သို့ သွားခြင်း

ငါတို့သည်လည်း ဘူဆန်သို့သွားတဲ့ ရထားတွေပဲ။
ငါတို့မသိတဲ့ ပိုးမွှားတွေနဲ့ ကင်းရှင်းဖို့ သွားကြတယ်။
ဘဝဆိုတာ ဘူဆန်မရောက်ခင် ကြုံတွေ့နေရတဲ့ အထူးအဆန်း
ရောဂါသည်တွေပဲ၊ မထင်မှတ်တဲ့ အံ့သြဖွယ်ရာ တုန်လှုပ်မှုတွေ၊
ပျော်ရွှင်ဖွယ်မကောင်းတဲ့ ဟာသတွေ၊ ဘူဆန်မရောက်ခင်
ရေသန့်ဘူးခွံလို ငါတို့လွှတ်ချခဲ့တဲ့ ကိုယ်ချင်းစာတရားတွေ ရှိတယ်။
ကိုယ့်ကိုယ်ကိုယ်ကလွဲပြီး ချနင်းခဲ့တဲ့ လိမ္မော်သီးတွေရှိတယ်။
မင်းမရှိရင် အသက်မရှင်ချင်ဘူးဆိုတဲ့ သီချင်းတစ်ပုဒ်ကို
ဘူဆန်သွားရာ လမ်းတစ်လျှောက်မှာ သီဆိုခဲ့ရဖူးတယ်။
ဘူဆန်မှာ လေကို လွတ်လပ်စွာရှူခွင့်ရတယ်။ ဒါကြောင့်ပဲ
ဘူဆန်မရောက်ခင် ငါတို့ဟာ လေကို အလုအယက်ရှူရ။
ဘူဆန်မရောက်ခင် တချို့ လေပြတ်လပ်ပြီး သေဆုံးရ။
ဘူဆန်မှာ ချစ်ခြင်းမေတ္တာကို ဝယ်လို့ရတယ်။ ဒါကြောင့်
ဘူဆန်သွားရာလမ်းမှာ ချစ်ခြင်းမေတ္တာရှားပါး ဘူဆန်မှာ
လူသူတန်တဲ့ ငှက်ပျောသီးတစ်လုံးတော့ ရှိမှာပေါ့ကွာလို့ပြောတဲ့
သူငယ်ချင်းတစ်ယောက်တော့ ဘူဆန်မရောက်ခင်
ရထားဘီးအောက် ရောက်သွားပေါ့။

mgyoe.com

mgyoe.com


လူတိုင်းရဲ့အိပ်မက်ထဲမှာ ဘူဆန်ရှိတယ်။ ဘူဆန်ရောက်အောင် တချို့က ကြိုးစားကြတယ်။ တချို့က သူတို့ရဲ့သံယောဇဉ်ကို လှလှပပသတ်ဖြတ်ပြီး ဘူဆန်ရောက်ဖို့ ကြိုးစားကြတယ်။ တချို့က မတန်တဆပေးဆပ်မှုတွေကို အလဟဿဖြုန်းတီးရင်း ဘူဆန်ကို ရောက်အောင်သွားကြတယ်။
ခင်ဗျားတို့လည်း ဘူဆန်ကိုသာ ရောက်မယ်ဆိုရင် ဘာမဆို လွှတ်ချခဲ့မှာပဲ မဟုတ်လား...။

mgyoe.com

mgyoe.com



## ဘ၀ဟာ အချိန်ကာလတစ်ခုဖြစ်တယ်...

ဘ၀ဟာ အချိန်ကာလတစ်ခုဖြစ်တယ်။ တစ်မှတ်တိုင်ကနေ နောက်တစ်မှတ်တိုင် ဘူတာတစ်ခုကနေ ဘူတာတစ်ခု၊ လေယာဉ်ပျံတစ်စီးကနေ နောက်တစ်စီး မကူးပြောင်းခင် အရှိန်ပြင်းပြင်း မောင်းနှင်နေတဲ့ ယန္တရားတစ်ခု ဘ၀ဆိုတာ ကိုယ်ဆင်းရမယ့်ခရီး မရောက်ခင် လေထဲမှာတင် အငွေ့ပြန်နိုင်တဲ့ ရေခိုးရေငွေ့ လူ့ဘ၀မှာ ကောင်းကင်တမွတ် ကြယ်ကိုဆွတ်ခဲ့တဲ့ သမိုင်းတွေရှိတယ်။ ပန်းလို မခြွေ ကြယ်လိုကြွေရတဲ့ အဖြစ်အပျက်တွေ ရှိတယ်။ လူ့ဘ၀မှာ ဆပ်ပြာတုံးလို ပြောင်ချော်ချော်နေ့ရက်တွေနဲ့ ပုလင်းဖုံးထဲက ကံစမ်းမဲတွေကို စိတ်ရှည်ရှည်နဲ့ စောင့်ခဲ့ရတဲ့ညတွေလည်း ရှိတယ်။ လူ့ဘ၀ဆိုတာ နာရီတစ်နာရီ၊ နေရာတစ်နေရာ၊ ထိုင်ခုံတစ်ခုံထက် ပိုတယ်။ တစ်ခု၊ တစ်ကောင်၊ တစ်ယောက် မဟုတ်ဘူး။ လူ့ဘ၀ဆိုတာ လက်မနဲ့ ဖိခြေလိုက်တဲ့ ပုရွက်ဆိတ်တစ်ကောင်ရဲ့အသက်နှယ် ဖြန်းခနဲ ရိုက်ချလိုက်လို့ လက်ဖက်ရည်ခွက်ထဲ ပြုတ်ကျသွားတဲ့ ယင်ကောင်လို လျှပ်တစ်ပြက်မျှ ရေထဲ ခဲလုံးပစ်ချလိုက်တဲ့ ရေပွက်ပမာ...။

mgyoe.com

mgyoe.com


## နှတ်တတိုင်

ဟိုတယ်ထဲက ထွက်လာတဲ့
ဧည့်သည်ရဲ့ ခရီးဆောင်အိတ်တွေကို
ကားပေါ်သို့ ကူသယ်ပေးပြီး
'ကျေးဇူးတင်ပါတယ်' လို့
ဝန်ထမ်းလေးက ကိုယ်ကို ငုံ့ကိုင်းနှုတ်ဆက်စဉ်
ဝူးခနဲ မောင်းထွက်သွားသော
ကားတံခါးကြားမှာ တရှုတ်ဆွဲ ညှပ်ပါသွားတဲ့ နက်ကတိုင်...။

mgyoe.com

mgyoe.com



## ထောင်တန်တဲ့ လျှာ

ကျွန်တော့်မှာ ပြောချင်တဲ့စကားတစ်ခွန်းရှိတယ်
ဒါပေမဲ့ ဘယ်တော့မှ ပြောမထွက်ခဲ့ဘူး
ညဏ်ရည်မပြည့်မီတဲ့ လူငယ်တစ်ဦး
ဘာသာစုံဂုဏ်ထူးမှန်းပြီး ကြိုးစားသလိုပါပဲ
ပြောချင်တဲ့စကား ပြောထွက်ဖို့
ဘယ်တော့မှ မအောင်မြင်ခဲ့ပါဘူး
စကားတစ်ခွန်းကို ပြောဖို့လုပ်လိုက်တိုင်း
လူအများကြား ခေါင်းမြီးခြုံပဝါ လျှော့ကျသွားတဲ့
ဘာသာခြားအမျိုးသမီးငယ်လို လူရှေ့သူရှေ့မှာ
အရိပ်မပြောနဲ့
အသံတောင် အပြင်ထွက်မလာနိုင်တော့ဘူး
တစ်ခါ လူခြေတိတ်ဆိတ်တဲ့ ညတစ်ညမှာ
အဲ့စကားတစ်ခွန်း ပြောဖို့
လရောင်မှတစ်ဆင့် ဆက်သွယ်ကြည့်သေးတယ်။
ဒါပေမဲ့ လူကြားထဲ လေလည်မိသူတစ်ဦးလို
ပြောဖို့အခွင့်အရေး မရခဲ့ဘူး

mgyoe.com

mgyoe.com


အဲဒီစကားတစ်ခွန်းကို မိုးလေဝသကောင်းမွန်တဲ့
ပင်လယ်ကမ်းခြေတစ်ခုမှာ
ပါးစပ်ဘေး လက်ဝါးစုပြီး အော်ဟစ်ကြည့်သေးတယ်။
ကျီး 'အ' နှုတ်သီးက ထွက်ပေါ်လာတဲ့
သတ္တုလွှတ်ချသံလို ဘာစကားမှ ပီပီသသ ဖြစ်မလာခဲ့ဘူး
ပါးစပ်နဲ့ ပြောမရတော့
တစ်ခုခုကို အသုံးပြုပြီးပြောမယ်ပေါ့
ဥပမာ- ဂီတသင်္ကေတတစ်ခုလို၊ ဘာသာစကားလို
လက်ခုံကို ခေါက်ပြီးတော့ဖြစ်ဖြစ်
အိမ်သာနံရံပေါ်က ညစ်ညမ်းပုံလိုပဲဖြစ်ဖြစ်
စာရွက်ပေါ်က အရုပ်အရောင်လိုဖြစ်ဖြစ်
ခိုကို ဘိန်းကျွေးပြီး စာပို့ခိုင်းလို့ပဲဖြစ်ဖြစ်
ပြောချင်တဲ့ စကားတစ်ခွန်းကို
ရေဒီယိုလှိုင်းလို ဖမ်းမိရင် ရပါပြီ။
ဒါပေမဲ့
ဗလာကျင်းသွားတဲ့ နေ့ရက်တွေမှအပ
ပြောချင်တဲ့ ရည်ညွှန်းချက်တစ်ခုခုဆီ
တစ်ခုမှ မရောက်ခဲ့ဘူး
ဒါပေမဲ့ ပြောမယ်
တစ်နေ့နေ့ပေါ့ဆိုတဲ့
စိတ်ကူးတွေနဲ့ ပြောမယ်

mgyoe.com

mgyoe.com



ပြက္ခဒိန်တွေ အလီလီ
နာရီတွေ တဖျပ်ဖျပ်
အသက်အရွယ်တွေ တစ်ရွက်ပြီးတစ်ရွက်
မေ့တော့မလိုလို ဖြစ်နေခါမှ
ကျွန်တော်မပြောဖြစ်တဲ့ စကားတစ်ခွန်းကို
နားရွက်ပီပီ ကြားလိုက်ရတယ်
အခြားတစ်ယောက်ရဲ့ ‘လျှာ’ ထဲကနေ...။

mgyoe.com

mgyoe.com


## တိုင်းပြည်ထစ်ခုရဲ့ မိန်းမ

မိန်းမတွေရဲ့ ချစ်စိတ်ဟာ သိမ်မွေ့တဲ့ကိစ္စဖြစ်ပါတယ်။
သူတို့အပေါ် ခပ်ကြမ်းကြမ်းထိရှမယ့် အနမ်းတွေကိုလည်း
တိုင်းပြည်ပေါ် ချစ်စိတ်ရှိတဲ့ ဆန်ရေစပါးတွေနဲ့ ခိုင်းနှိုင်းကြတယ်။
သူတို့နဲ့ လက်ထပ်လိုက်တဲ့ ယောကျ်ားတွေကိုလည်း တိုင်းပြည်ရဲ့
အလံလို ဦးညွှတ်ကြတယ်။ သူတို့ချစ်တဲ့ယောကျ်ားနဲ့
လမ်းအတူလျှောက်တိုင်း မြေပြင်မှလွတ်ပြီး သူတို့ဆံပင်တွေ
တိမ်တွေနဲ့ ငြိနေသလိုတောင် ခံစားမိကြတယ်။ သူတို့ရဲ့ချစ်စိတ်ကို
တိုင်းပြည်ရဲ့ မြေအောက်ရှိ သယံဇာတလိုမျိုး တန်ဖိုးထား
တတ်ကြတယ်။ သူတို့ပါးစပ်က တဖွဖွရေရွတ်နေတဲ့ ချစ်ခြင်း
မေတ္တာတရားဟာ တိုင်းပြည်ရဲ့နိုင်ငံတော်သီချင်းလိုပါပဲ
သူတို့ရင်ထဲ မသင်ကြားဘဲ အလိုလိုတတ်မြောက်နေတဲ့
ဘာသာစကား။ မိန်းမတစ်ယောက် ကိုယ်အလေးချိန်
တက်လာတိုင်း ယောကျ်ားတစ်ယောက်ရဲ့သံယောဇဉ်ဟာ
ဆေးသားပြယ်လွင့်နေတဲ့ နံရံလို သူတို့ခန္ဓာကိုယ်မှ ကွာကျသွားမှာ
မိန်းမတွေ အကြောက်ဆုံးပဲ။ မိန်းမတစ်ယောက်ရဲ့
အကြောက်တရားဟာ တိုင်းပြည်ကို မဆုံးရှုံးချင်တဲ့
ခေါင်းဆောင်ကောင်း တစ်ယောက်ရဲ့ ချစ်စိတ်နဲ့ အတူတူပါပဲ...။

mgyoe.com

mgyoe.com



## ဝေဖာနဲ့ ဆောက်လုပ်ထားတဲ့စိတ်ကူး

ဘဝမှာ အိမ်တစ်လုံးကို ပိုင်ဆိုင်ဖူးတယ်ဆိုတဲ့ စိတ်ကူးကို
အကောင်အထည်ပြဖို့ ဝေဖာနဲ့ဆောက်လုပ်ထားတဲ့
အိမ်လေးတစ်လုံးကို သူဝယ်ခဲ့တယ်။ ငယ်ငယ်က သဲသောင်ပြင်မှာ
သူဆောက်ခဲ့ဖူးတဲ့ သဲအိမ်လိုပေါ့။ ရာဘာနဲ့ပြုလုပ်ထားတဲ့
မြွေလိုအိမ်၊ ဓာတ်ခဲနဲ့တွဲဖက်ပြီး မောင်းနှင်နိုင်တဲ့
မော်တော်ကားလိုအိမ်၊ ခိုလှုံရန်၊ နေထိုင်ရန်၊ အနားယူရန်
မိန်းမနဲ့အိပ်စက်ရန်၊ မိသားစုနဲ့ပျော်ပါးရန်ဆိုတဲ့ အိမ်မျိုးမဟုတ်ဘဲ
သူ့အိပ်မက်ထဲ ပျော်ရွှင်ခဲ့တဲ့အိမ်မျိုး။
သူ့ဘဝတစ်လျှောက်လုံး 'အိမ်ငှား' ဆိုတဲ့ သိမ်ငယ်ခဲ့ရတဲ့စိတ်ကို
ဖျက်ဆီးပေးနိုင်မယ့် အိမ်၊ အိမ်မရှိလို့ သူငယ်ချင်းတွေက
အလည်မလာချင်၊ ချစ်သူက အသိအမှတ်မပြုချင်၊
ဆွေမျိုးတွေက လူရာမသွင်းမှုကို ပြောင်းထဲပို့ပေးနိုင်မယ့် အိမ်၊
TV ထားရန် ရေခဲသေတ္တာထားရန်နှင့် ဘုရားဝတ်ပြုရန်နေရာ၊

mgyoe.com

mgyoe.com


ကားထားရန် ဂိုဒေါင်ရှိတဲ့ အိမ်မျိုးမဟုတ်ဘဲ ကိုယ့်ရဲ့လိပ်စာမှာ
လမ်းအမှတ်စဉ်နဲ့ အိမ်အမှတ်ရဲ့ ကွက်လပ်နေရာကို
ဖြည့်စွက်ချင်တဲ့ အိမ်၊ တစ်အိုးတစ်အိမ် ထူထောင်ချင်တဲ့အိမ်ပေါ့
ဘောလုံးပွဲလောင်းရန်၊ ဖဲရိုက်ရင် ပေါင်ရန် တန်ဖိုးရှိတဲ့
အိမ်မျိုးမဟုတ်ဘဲ အပေါင်းအသင်းတွေနဲ့ ညဉ့်နက်အောင်
ဂီတာတီးပြီး 'ငါ အိမ်ပြန်တော့မယ်ကွာ' လို့ စကားထဲ ထည့်ပြောလို့ရမယ့်
အိမ်ပေါ့။ နောက်ဆုံး ဗိုက်ဆာလို့ စားစရာမရှိရင် တစ်အိမ်လုံးကို
ဝါးစားလို့ရမယ့် ဝေဖာနဲ့ ပြုလုပ်ထားတဲ့အိမ်...။

mgyoe.com

mgyoe.com



## ရေရဲ့အရင်းအမြစ်

ရေရဲ့နိယာမအတိုင်း
ရေဟာ စီးဆင်းမယ်၊ ကွေ့မယ်၊ ကောက်မယ်
ရေဟာ ရေရဲ့အလုပ်ကို လုပ်မယ်
ရေရဲ့ရှင်သန်မှုကို တီးခတ်ကြည့်ရင်
"$H_2O$" လို့ အသံထွက်တယ်
အများကိုဆန့်ကျင်တဲ့ ရေစီးကတော့
ပင်မရေစီးရေလာ မကောင်းမွန်တော့ဘူးပေါ့

ရေထဲကငါးဟာ
ရေရဲ့အနက်ကို သိတယ်
ရေရဲ့အဓိပ္ပာယ်ကို မသိဘူး
လေထဲက အထာကို
ငှက်ကလေးတွေ သိနေသလိုမျိုးပေါ့။

"အချစ်လေးရေ
ရေလိုနေတယ် မီးတောက်နေတယ်"

mgyoe.com

mgyoe.com


"ရေမလန်းဘူးကွ"
"ရေမလျှံဘူး"
"ရေပြတ်နေတယ်"

ဒါ
ရေနစ်နေတဲ့ ဘဝတွေကို
ရေရဲ့နိမိတ်ပုံတွေနဲ့ ဖော်ပြတာပေါ့

သင်္ချာအရ တစ်နဲ့တစ်နဲ့ပေါင်းရင်
နှစ်ရတယ် ဆိုပေမဲ့
ရေတစ်စက်ကို ရေတစ်စက်နဲ့ပေါင်းရင်
ရေတစ်စက်ပဲရတယ်ဆိုတော့
ရေကို ဘာနဲ့ပေါင်းပေါင်း
ရေရဲ့အရင်းမြစ်ဆီပဲ ပြန်ရောက်တာပဲ မဟုတ်လား

ရေကို နာမ်နဲ့ကြည့်ရင်
ရေတွက်လို့မရတဲ့နာမ် ဆိုပေမဲ့
ရေကို ဓာတုဗေဒနဲ့ ချက်ပြီးရောင်းတော့
အရက်ဖြစ်လာတယ်
ရေကို စင်ကြယ်အောင်ဆေးရင်
ရေသန့်ဘူး ဖြစ်လာသလိုမျိုးပေါ့

ရွှေဈေးတွေ ဘယ်လောက်ကြီးကြီး
ဒေါ်လာဈေးတွေ ဘယ်လောက်တက်တက်
ရေဟာ မပြောင်းလဲဘူး

mgyoe.com

mgyoe.com



ရေဟာ ဈေးမတက်ဘူး
ရေဟာ ရေပဲကြီးတယ်
ရေဟာ လယ်ကွင်းထဲ ရပ်ထဲရွာထဲ
တံတားပေါ် ရေကြီးလာကြောင်း သတင်းမမီရင်တော့
ကယ်ကူရာမဲ့ပဲ....

"ရေဟာ တကယ်တော့ အရောင်အဆင်းမဲ့
ဆိုးတဲ့အရောင်တိုင်း လိုက်လို့သာ" **(မွန်းအောင်)**

အာခီမိဒီးကတော့
ရေရဲ့ဂုဏ်သတ္တိကို ဖော်ထုတ်ခဲ့လို့
ငါတို့ဖတ်စာမှာ
ရေကို သင်ယူလို့မဆုံး
ရေရဲ့အသက် တစ်မနက်လို့ ဆိုရိုးစကားရှိခဲ့လို့
ငါတို့မှာ ရေကို သောက်လို့မဆုံး
မိုးခေါင်ရေရှားရပ်ဒေသမှာ
ရေကို သဲထဲသွန်မိရင်
မြွေကိုက်တာထက် ဆိုးတယ်
ရေနံ့လို တူးဖော်ရရှိလို့ကတော့
ရေဟာ ရွှေပဲ။

mgyoe.com